University of Yangon Research Journal 2022, Vol. 11, No.2

# မြန်မာစာပေနှင့်အင်္ဂလိပ်စာပေရှိ ဝက်ဝုတ္တိအလင်္ကာအချို့ကို လေ့လာခြင်း

ဝင့်ဝါဝါလှိုင်*

## စာတမ်းအကျဉ်း

မြန်မာစာပေသမိုင်းတစ်လျှောက်တွင် အလေးထားစံပြုရသောကျမ်းများ၊ များစွာရှိသည့်အနက် အလင်္ကာကျမ်းများသည် အရေးပါသောကဏ္ဍတစ်ရပ်ဖြစ်ပါသည်။ ဤစာတမ်းသည် သုဗောဓာလင်္ကာရကျမ်းကို အခြေခံ၍ပြုစုထားသော မြန်မာအလင်္ကာကျမ်းများလာ ဝက်ဝုတ္တိအလင်္ကာအချို့၏ သဘောသဘာဝကို အင်္ဂလိပ်စာပေ၌ မိမိလေ့လာမိသမျှ အလင်္ကာအချို့၏ သဘောသဘာဝချင်းနှိုင်းယှဉ်ကာ ဆန်းစစ်တင်ပြထားသောစာတမ်းဖြစ်ပါသည်။ အလင်္ကာ၏သဘောသဘာဝ၊ အလင်္ကာ၏အရေးပါပုံနှင့် အလင်္ကာအသုံးပြုပုံများကို သိရှိစေရန်ရည်ရွယ်ပါသည်။ စာပေအနုပညာတစ်ရပ်ကို လေ့လာရာ၌ အလင်္ကာ၏သဘောတရားများကို ကျယ်ကျယ်ပြန့်ပြန့် နက်နက်ရှိုင်းရှိုင်း သိရှိလာစေမည့် အကျိုးကျေးဇူးများကို ရရှိစေမည်ဖြစ်ပါသည်။

**သော့ချက်စကားလုံးများ။** **အလင်္ကာ၊**သဒ္ဒါလင်္ကာရ၊အတ္ထာလင်္ကာရ၊ဝက်ဝုတ္တိအလင်္ကာ။

## နိဒါန်း

ဤစာတမ်းသည် သုဗောဓာလင်္ကာရကို အခြေခံ၍ပြုစုထားသော မြန်မာအလင်္ကာကျမ်းများမှ ဝက်ဝုတ္တိအလင်္ကာအချို့ကို လေ့လာရာ၌ အလင်္ကာ၏သဘောကို ပညာရှင်အချို့တို့၏ အယူအဆများနှင့် နှိုင်းယှဉ်လေ့လာထားပါသည်။ အလင်္ကာတို့၏သဘောတရားကို ကျယ်ပြန့်စွာနားလည်သိမြင်လာခြင်းဖြင့် စာပေလေ့လာမှုတွင် အလင်္ကာတို့၏အရေးပါပုံ၊ အလင်္ကာကိုအသုံးပြုခြင်းဖြင့် ပြောဆိုရေးသားလိုသည့် အကြောင်းအရာတို့ ပေါ်လွင်ထင်ရှားလာပုံနှင့် မြန်မာစာပေ၌ ဥပမာအလင်္ကာ၊ ရူပကအလင်္ကာ၊ အတိသယဝုတ္တိအလင်္ကာ စသည့် အလင်္ကာများရှိသကဲ့သို့ အင်္ဂလိပ်စာပေ၌လည်း ထိုကဲ့သို့သော အလင်္ကာများရှိကြောင်း၊ သည့်အပြင် ထိုကဲ့သို့ သဘောသဘာဝတူသော အခြားအလင်္ကာများလည်း ရှိသေးကြောင်း လေ့လာတွေ့ရှိရပါသည်။

## ၁။ အလင်္ကာဟူသော ဝေါဟာရ

**'အလင်္ကာ'** ဟူသည်ပါဠိ**'အလင်္ကာရ'**၊ သက္ကတ**'အလံကာရ'**တို့မှ အဆုံးအက္ခရာ**'ရ'**ကိုချေ၍ ဖြစ်ပေါ်လာသော ပါဠိသက်မြန်မာဝေါဟာရဖြစ်ပါသည်။ ဦးဟုတ်စိန်၏ ပါဠိ–မြန်မာအဘိဓာန် (၁၉၅၄)တွင်

**အလင်္ကာရ(အလံကာရ)(ပ)–တန်ဆာ။ဝတ်စားတန်ဆာ။ဆင်ယင်အပ်သောတန်ဆာ။(စာ ၁၂၈)**

**ဟုဖွင့်ဆိုထားပါသည်။'အလင်္ကာရ'**ဟူသောပုဒ်မှာ **'အလံ'**နှင့် **'ကာရ'**တို့ကိုပေါင်းစပ်ထားခြင်းဖြစ်သည်။ **အလံ=အဆင်တန်ဆာကို + ကာရ=ပြုလုပ်ခြင်း** ဟုအနက်ရပါသည်။ ထို့ကြောင့်**'အလင်္ကာ'**ဟူသည် **'အဆင်တန်ဆာပြုလုပ်ခြင်း(ဝါ)အဆင်တန်ဆာ'** ဖြစ်ပါသည်။ မြန်မာအဘိဓာန်(**၁၉၉၁**)၌ **'အလင်္ကာ'** ကို **'စာအဖွဲ့အနွဲ့အဆင်တန်ဆာ'**(ပါ၊**အလင်္ကာရ)(**စာ ၄၂၂) ဟူ၍ဖော်ပြထားပါသည်။ မြန်မာအင်္ဂလိပ်အဘိဓာန်(**၁၉၉၃)**၌မူ **'အလင်္ကာ /** alin ga/ n.1 prosody. 2 rhetorical composition. 3 ornament**.** [Pali **အလင်္ကာရ**] **(စာ ၅၉၃)**ဟူ၍ ဖော်ပြထားပါသည်။

အလင်္ကာပန်းကုံး၌မူ**'ကိုယ်ခန္ဓာကိုတန်ဆာဆင်ကြောင်းဖြစ်သောပုတီး၊နားတောင်း၊လက်ကောက်**

---

* ဒေါက်တာ၊ ပါမောက္ခ၊ မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်

**စသော အဆင်တန်ဆာတို့သည် အလင်္ကာမည်၏'** ဟူ၍လည်းကောင်း၊ **'အလင်္ကာဟူသည်သဒ္ဒါ၊ အနက်တို့၌သာဖြစ်၏။ ထို့ကြောင့် သဒ္ဒါအလင်္ကာရ၊ အတ္ထာလင်္ကာရတို့ကို မုချအားဖြင့် 'အလင်္ကာ' ဟု ခေါ်ဆိုပေသည်။'**ဟူ၍လည်းကောင်း ဖွင့်ဆိုပါသည်။ (ကုမာရ၊အရှင်၊၁၉၉၅၊စာ ၇)

ကဝိဘာရတီကျမ်း၌မူ **'ကဗျာ၏အဝတ်ပုဆိုးဟူသည် အလင်္ကာကိုဆိုလိုသည်။ ၎င်းအဝတ်ပုဆိုးမှာနှစ်မျိုးရှိလေသည်။ တစ်မျိုးမှာ သဒ္ဒါ၏အဝတ်ပုဆိုးဖြစ်၍ တစ်မျိုးမှာ အနက်၏အဝတ် ပုဆိုးဖြစ်လေသည်။ သဒ္ဒါ၏အဝတ်တန်ဆာကို သဒ္ဒါလင်္ကာရ၊ အနက်၏အဝတ်တန်ဆာကို အတ္ထာ လင်္ကာရဟုခေါ်ရသည်။'** (ကျော်ရင်၊ဦး၊(ပုပ္ပား–)၊မ–၁၂၉၈၊စာ ၆)ဟုဖော်ပြထားသည်။

ထို့ကြောင့်**အလင်္ကာ**ဟူသည် **စာဆိုတို့သည် စာပေတို့ကို ရေးဖွဲ့ရာတွင် အဆန်းတကြယ် အမွမ်းအမံတို့ဖြင့် စာဖတ်သူတို့ နှစ်သက်ဖွယ်ဆင်ယင်ရေးဖွဲ့ခြင်းသည် အလင်္ကာဖြစ်သည်ဟုဆိုနိုင်ပါသည်။ တစ်နည်းဆိုရသော် အလင်္ကာဟူသည် ပညာရှိတို့နှစ်သက်မြတ်နိုးဖွယ်ဖြစ်စေရန် အသံကို ချောမောပြေပြစ်မှု၊ သာယာမှုဖြစ်အောင်၊ အနက်အဓိပ္ပာယ်ကို တင့်တယ်လေးနက် ဆန်းကြယ်မှုဖြစ်အောင် တန်ဆာဆင်၍ ရေးသားဖွဲ့ဆိုထားသော အဖွဲ့အနွဲ့**ပင်ဖြစ်သည်ဟု ဆိုနိုင်ပါသည်။

## ၂။ အလင်္ကာ၏အရေးပါပုံ

ပညာရှိတို့နှစ်သက်မြတ်နိုးဖွယ်ဖြစ်စေရန် ရေးဖွဲ့ရာ၌ အလင်္ကာသည် အရေးပါသော အခန်းကဏ္ဍတစ်ရပ်ဖြစ်ပေသည်။ အပြစ်ဒေါသတို့မှ ကင်းလွတ်လျက် အလင်္ကာတို့ဖြင့် တန်ဆာဆင်မှသာလျှင် တင့်တယ်ပေသည်။ ထို့ပြင် အလင်္ကာသည် စာပေ၏အလှကို တန်ဆာဆင်နိုင်ကြောင်း၊ အမျိုးသမီးတစ်ဦး၏အလှနှင့် ခိုင်းနှိုင်းကြည့်လျှင် အဖွဲ့အနွဲ့သည် အမျိုးသမီး၏ခန္ဓာကိုယ်နှင့်တူပေသည်။ ဒေါသသည် အဆင်းသဏ္ဌာန်မလှခြင်း၊ မှဲ့၊ ဝက်ခြံစသည် စွဲကပ်ခြင်းနှင့်တူ၏။ သဒ္ဒါလင်္ကာရသည် ထိုအမျိုးသမီးလေး၏ နှစ်သက်ဖွယ်ရာပြုကျင့်တတ်ခြင်း၊ အရာရာ၌လိမ္မာရေးခြားရှိခြင်းစသော ဂုဏ်နှင့်တူသည်။ အတ္ထာလင်္ကာရသည် ပစ္စည်းဥစ္စာ၊ ပုတီး၊ လက်ကောက်စသော အဆင်တန်ဆာနှင့် တူပေသည်။

တစ်ဖန် 'လူတွင်အဝတ်၊တောင်းတွင်အကွပ်' ဟုဆိုရိုးစကားရှိပါသည်။ လူ့ကိုယ်ခန္ဓာကို တန်ဆာဆင်စရာမှာ အဝတ်အထည်ဖြစ်၍ တောင်းကိုတန်ဆာဆင်စရာမှာ အကွပ်အထိန်းဖြစ်သည်။ အဝတ်အထည် တန်ဆာဆင်မှုမရှိသောလူသည် မတင့်တယ်သကဲ့သို့ အကွပ်အထိန်းမဲ့သော တောင်းသည်လည်း မတင့်တယ်ပါ။ ထို့အတူစာပေတွင်လည်း သဒ္ဒါလင်္ကာရ၊ အတ္ထာလင်္ကာရတို့ဖြင့် တန်ဆာဆင်မှ နှစ်သက်မြတ်နိုးဖွယ်ကောင်းသာ စာပေ ဖြစ်လာပေမည်။

ထို့ကြောင့်အမျိုးသမီးတစ်ဦး၏ လှပတင့်တယ်မှုတန်ဖိုးကို ပင်ကိုရုပ်ရည်လှပခြင်း၊ ဂုဏ်ရည်နှင့်ပြည့်စုံခြင်း၊ အဆင်တန်ဆာကွယ်ဝခြင်း၊ စိတ်ထားလှခြင်းဟူသော ဂုဏ်ရည်တို့က ဖော်ဆောင်ပေးသကဲ့သို့ စာပေအဖွဲ့အနွဲ့တစ်ရပ်၏ လှပတင့်တယ်မှုတန်ဖိုးကိုလည်း အပြစ်ဒေါသကင်းလွတ်ခြင်း၊ သဒ္ဒါလင်္ကာရ၊ အတ္ထာလင်္ကာရတို့နှင့် ပြည့်စုံခြင်းဟူသော ဂုဏ်ရည်တို့က ဖော်ဆောင်ပေးကြောင်း တွေ့ရှိရပါသည်။ ဤသည်ကိုကြည့်ခြင်းဖြင့် စာပေအဖွဲ့တစ်ရပ်၏ အဓိကအရေးပါသော အလင်္ကာ၏ အခန်းကဏ္ဍသည် ပဓာနကျကြောင်း သိရှိနိုင်ပါသည်။

## ၃။ မြန်မာစာပေနှင့် အင်္ဂလိပ်စာပေလာ ဝက်ဝုတ္တိအလင်္ကာအချို့ကို လေ့လာခြင်း

ဘာသာစကားတိုင်းတွင် အလင်္ကာများရှိနိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော် **'အဘိဓာန်ဟူသည် အလင်္ကာတို့၏သုသာန်ဖြစ်သည်'**ဟူသော ဆိုရိုးစကားကြောင့်ပင်ဖြစ်သည်။ ဆိုလိုသည်မှာ အဘိဓာန်ထဲသို့ ရောက်ရှိနေသော စကားလုံးတို့သည် အလင်္ကာဟောင်းများ(သို့) အလင်္ကာအလောင်းများ ဖြစ်ခဲ့သည် ဟူ၍ဖြစ်ပါသည်။ ဤစကားသည် ယုတ္တိရှိသည်ဟု ဆိုရပေမည်။ အဘယ်ကြောင့်ဆိုသော် **မျက်နှာကြီး၊ မျက်နှာပွင့်၊ မျက်နှာပျက်၊ ခေါင်းကောင်း၊ ခေါင်းရှုပ်၊ ခြေလှမ်းကျယ်'** စသည့်

အဘိဓာန် စကားလုံးများသည် အလင်္ကာငွေ့မပြယ်ကြသေးသော အလင်္ကာသက်ကုန်သည့် စကားလုံးများဖြစ်ကြသည်။ ယခုအခါဓလေ့သုံးဟုလည်းကောင်း၊ ဥပစာဟုလည်းကောင်း ခေါ်ဆိုနေကြသည်ကို တွေ့နိုင်ပါသည်။

ထို့အတူပင် အခြားသောဘာသာစကားတို့၌လည်း ဤနည်းကဲ့သို့ပင် အလင်္ကာမှ ပြောင်းရွေ့လာသော စကားလုံးတို့ရှိကြပါသည်။ ဤသို့ အလင်္ကာငွေ့ပြယ်လာခြင်းမှာ သုံးဖန်များသောကြောင့် ဖြစ်သည်ဟုဆိုနိုင်ပါသည်။ အလင်္ကာ၏အသက်သည် ဆန်းသစ်မှုဖြစ်သည်ဟုဆိုကြပေရာ ဆန်းသစ်မှု လျော့လာလေလေ၊ အလင်္ကာသတ္တိနည်းလာလေလေ ဓလေ့သုံးစကားဘက်သို့ ရွေ့လာလေလေ ဖြစ်ကြောင်း တွေ့ရှိရပါသည်။ အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း ဘာသာစကားတို့တွင် ဓလေ့သုံးစကားများကိုတွေ့ရခြင်းအားဖြင့် ဘာသာစကားတို့၌ အလင်္ကာများရှိခဲ့သည်ဟု မုချဆိုနိုင်ပါသည်။ ရှင်သန်နေသော ဘာသာစကားတိုင်းတွင်လည်း အလင်္ကာများရှိနေမည်ဟု မှန်းဆကြည့်နိုင်ပါသည်။

အဘယ်ကြောင့်ဆိုသော် လူဟူသည်စိတ်ကူးလည်းရှိသည်။ တီထွင်တတ်သော သတ္တဝါလည်း ဖြစ်သည်။ ဆန်းသစ်မှုကိုလည်း နှစ်သက်တတ်သည်။ သို့ဖြစ်ပေရာအလင်္ကာများကို ဖန်တီးနေကြမည်မှာ မလွဲပေ။ အထူးသဖြင့်အနုပညာနှင့် အနုပညာရသကို မက်မောကြသည့် လူသားတို့သည် မိမိတို့ဘာသာစကားအလျောက် အလင်္ကာများ ဖန်တီးနေကြပေလိမ့်မည်။ ထို့ပြင် အလင်္ကာဖန်တီးစရာ အကြောင်းအရာသစ်၊ စိတ်ကူးသစ်တို့ကလည်း ရှိလာကြရစမြဲဖြစ်သဖြင့် ရှင်သန်နေသော နေ့စဉ်သုံး ဘာသာစကားတို့တွင် စကားအသစ်များ၊ အလင်္ကာအသစ်များ အခါအားလျော်စွာ ဖြစ်ထွန်း နေကြပါလိမ့်မည်။ အကြောင်းမှာ အနုပညာလက်ရာ၏အရည်အသွေးကို အလင်္ကာဟုဆိုအပ်သော တန်ဆာဆင်မှုတို့က မြှင့်တင်ပေးနိုင်သောကြောင့် ဖြစ်ပါသည်။

ယခုအခါ မြန်မာတို့လက်သုံးပြုနေကြသော အလင်္ကာကျမ်းဆိုသည်မှာ ပါဠိဘာသာနှင့် ရှိနေသော သုဗောဓာလင်္ကာရကျမ်းဖြစ်ပါသည်။ မြန်မာအလင်္ကာကျမ်းတို့၏ အခြေခံဖြစ်သော သုဗောဓာလင်္ကာရကျမ်းတွင် အလင်္ကာတို့ကို သဒ္ဒါလင်္ကာရနှင့် အတ္ထာလင်္ကာရဟူ၍နှစ်မျိုးခွဲခြားထားပါသည်။ သဒ္ဒါလင်္ကာရဟူသည် အသံကိုတန်ဆာဆင်ခြင်းဖြစ်၍ အတ္ထာလင်္ကာရဟူသည် အနက်ကိုတန်ဆာဆင်ခြင်းဖြစ်သည်။ ဝက်ဝုတ္တိအလင်္ကာတို့မှာ အနက်ကို တန်ဆာဆင်ခြင်းဖြစ်၍ အတ္ထာလင်္ကာရပိုင်း၌ ပါဝင်ပါသည်။

**ဝင်္ကဝုတ္တိအလင်္ကာ**ဟူသည် **ပါဠိစကား ဝင်္က+ဝုတ္တိ+အလင်္ကာရ** ဖြစ်သည်။ **ဝင်္က**ဟူသည် **ကောက်ကွေ့သည်**(ဟုတ်စိန်၊ဦး၊၁၉၅၄၊စာ ၈၄၀)ဟုအနက်ရ၍ **ဝုတ္တိ**ဟူသည် **ဖြစ်ခြင်း** (ဟုတ်စိန်၊ဦး၊ ၁၉၅၄၊စာ ၉၁၈)ဟုအနက်ရပါသည်။**အလင်္ကာရ**မှာ **တန်ဆာဆင်ခြင်း(အောင်ထွတ်၊ဦး၊၁၉၇၉၊စာ ၆၇)** ဟူ၍ဖြစ်သည်။ထို့ကြောင့် **ဝင်္ကဝုတ္တိအလင်္ကာ**ဟူသည် **အနက်အဓိပ္ပာယ်ကို ကောက်ကွေ့စွာဖွင့်ဆိုခြင်းဖြင့် တန်ဆာဆင်ခြင်း**ပင်ဖြစ်သည်ဟုဆိုနိုင်ပါသည်။ အလင်္ကာကျမ်းအသီးသီး၌ ဝင်္ကဝုတ္တိအလင်္ကာကို (၃၅)မျိုး ခွဲခြားဖော်ပြထားသော်လည်း ဤစာတမ်းတွင် ဝင်္ကဝုတ္တိအလင်္ကာများမှ အချို့ကိုသာ လေ့လာမိသမျှ အင်္ဂလိပ်စာပေ၌တွေ့ရသောအလင်္ကာအချို့နှင့်နှိုင်းယှဉ်လေ့လာတင်ပြမည် ဖြစ်ပါသည်။

## ၃၊ ၁။ မြန်မာစာပေတွင်တွေ့ရသောဝင်္ကဝုတ္တိအလင်္ကာများ

အလင်္ကာကျမ်းအသီးသီး၌ ဝင်္ကဝုတ္တိအလင်္ကာကို(၃၅)မျိုး ခွဲခြားဖော်ပြထားကြောင်း တွေ့ရပါသည်။ ယင်းတို့အနက် အရှင်စန္ဒဝရ(၁၉၉၅)က အလင်္ကာစံအိမ်တွင် ဝင်္ကဝုတ္တိအလင်္ကာ (၃၅)မျိုးကို အနက်အဓိပ္ပာယ်နှင့်တကွ တင်ပြထားပါသည်။

ဝင်္ကဝုတ္တိအလင်္ကာသည်

**၁။ အတိသယဝုတ္တိ – (ကဲ) – လွန်လွန်ကဲကဲပြဆိုခြင်း။**

**၂။ ဥပမာ – (နှိုင်း) – ခိုင်းနှိုင်းပြဆိုခြင်း။**

၃။ ရူပက – (တူ) – ထပ်တူပြဆိုခြင်း။
၄။ ဝိဘာဝနာ – (ထင်) – ထင်ရှားပြဆိုခြင်း။
၅။ အာဝုတ္တိ – (ထပ်) – ထပ်ဆိုခြင်း။
၆။ ဒီပက – (ထွန်း) – ထွန်းပြဆိုခြင်း။
၇။ တုလျယောဂိတာ – (ယှဉ်) – တူမတူယှဉ်ပြခြင်း။
၈။ အက္ခေပ – (တား) – တားမြစ်ဆိုခြင်း။
၉။ ကမ – (စဉ်) – အစဉ်ညီဆိုခြင်း။
၁၀။ ဗျတိရေက – (သီး) – သီးခြားပြဆိုခြင်း။
၁၁။ ဟေတု – (ကြောင်း) – အကြောင်းပြဆိုခြင်း။
၁၂။ သမာဟိတ – (ရ) – အကြောင်းတစ်ပါးရဆိုခြင်း။
၁၃။ သမာသဝုတ္တိ – (ချုံး) – ချုံးဆိုခြင်း။
၁၄။ ပရိယာယဝုတ္တိ – (သွယ်) – သွယ်ဝိုက်ဆိုခြင်း။
၁၅။ ဝိသေသဝုတ္တိ – (ထူး) – အထူးဆိုခြင်း။
၁၆။ အတ္ထန္တရန္യာသ – (ခံ) – ထောက်ခံဆိုခြင်း။
၁၇။ ရူဠှာဟင်္ကာရ – (ကြုံး) – ကြုံးဝါးဆိုခြင်း။
၁၈။ ဗျာဇဝဏ္ဏနာ – (ကဲ့) – ကဲ့ရဲ့ယောင်ချီးမွမ်းဆိုခြင်း။
၁၉။ အညမညဝိဘူသန – (ပြန်) – အပြန်အလှန်ဆိုခြင်း။
၂၀။ နိဒဿန – (ကျိုး) – အကျိုးတစ်ပါးဆက်ပြဆိုခြင်း။
၂၁။ ပရိကပ္ပနာ – (ကြံ) – ကြံဆဆိုခြင်း
၂၂။ မဟန္တတ္တ – (ကြီး) – ကြီးကျယ်မှုကိုဆိုခြင်း။
၂၃။ အာသီ – (တောင့်) – တောင့်တဆိုခြင်း။
၂၄။ သဟဝုတ္တိ – (ကွ) – တကွဖြစ်သည်ကိုဆိုခြင်း။
၂၅။ ဝိရောဓိတာ – (ဆန့်) – ဆန့်ကျင်ဘက်ရောနှောဆိုခြင်း။
၂၆။ ပရိဝုတ္တိ – (လဲ) – လဲလှယ်ဆိုခြင်း။
၂၇။ ဘမ – (ယောင်) – ထင်မိယောင်မှားဆိုခြင်း။
၂၈။ ပိယတရ – (သက်) – အလွန်နှစ်သက်ဖွယ်ဆိုခြင်း။
၂၉။ ဘာဝ – (ဘော) – သဘောပြဆိုခြင်း။
၃၀။ မိဿ – (ရော) – ရောနှောဆိုခြင်း။
၃၁။ သိလေသ – (နက်) – အနက်ဖက်စပ်ဆိုခြင်း။
၃၂။ အပ္ပကတ္ထုတိ – (ချီး) – မလုပ်နိုင်ဘဲချီးမွမ်းဆိုခြင်း။

**၃၃။ ဝဋ္ဋနာ – (ဝုက်) – လျှို့ဝှက်ဆိုခြင်း။**

**၃၄။ ကောဝဋ္ဋိ – (ဆင်) – ဂုဏ်ထူးဆင်ဆိုခြင်း။**

**၃၅။ ရသီ – (ရသ) – ရသရှိခြင်း**

တို့ဖြစ်ပါသည်။**(စာ ၁၇၃–၁၇၄)**

### ၃၊ ၂။ အင်္ဂလိပ်စာပေတွင်တွေ့ရသောအလင်္ကာများ

အင်္ဂလိပ်စာပေအလင်္ကာများကို လက်လှမ်းမီသမျှ လေ့လာကြည့်လျှင် ထိုစာပေသည် အဆင့်လည်းမြင့်၊ ကျယ်ပြန့်မှုရှိလည်း ရှိခဲ့သည့် အားလျော်စွာ အလင်္ကာအမည်များကိုလည်း အများအပြားပင် တွေ့ရပါသည်။ သို့ရာတွင် မြန်မာတို့လက်ကိုင်အသုံးပြုနေကြသော အလင်္ကာကျမ်းများတွင် တွေ့ရသကဲ့သို့ အမျိုးအစားဝေဖန်ပိုင်းခြားထားပုံ တချို့မှာမတူဘဲ ကွဲလွဲနေသည်များကိုလည်း တွေ့ရပါသည်။ မြန်မာကျမ်းတို့၌ နည်း၊ ဥပစာ၊ ဂုဏ်၊ ဆိုရိုး ဟုခေါ်သောအသုံးများကို ယင်းတို့၏ကျမ်းများ၌ အလင်္ကာခေါင်းစဉ်အောက်တွင် ထည့်သွင်းထားခြင်းမျိုးကို တွေ့ရပါသည်။ စင်စစ်အားဖြင့် မြန်မာတို့ ခွဲခြမ်းထားသည့် နည်း၊ ဥပစာ၊ ဂုဏ်၊ ဆိုရိုး စသည်တို့သည်လည်း အချင်းချင်းနီးနွယ်နေသော သဘောရှိကြပါသည်။ တချို့မှာထပ်၍ပင်နေသည်ကိုတွေ့ရပါသည်။ ထို့ကြောင့်လည်း အင်္ဂလိပ်စာပေတွင် ၎င်းတို့ကို အလင်္ကာခေါင်းစဉ်အောက်၌ပင် ထား၍ လေ့လာခြင်း ဖြစ်ပေမည်။

အလင်္ကာကို အင်္ဂလိပ်ဘာသာဖြင့် **Rhetorical Composition, Rhetorical Ornament, Prosody, Figures of Speech** စကားတို့နှင့် သုံးကြသည်ကိုတွေ့ရပါသည်။ သို့သော် **Figures of Speech** ကိုတချို့က **စကားတန်ဆာ**ဟု သုံးကြသည်။ **စကားတန်ဆာ**ဆိုသည်မှာလည်း **အလင်္ကာ** ဟုပင် အဓိပ္ပာယ်ရသဖြင့် ဆီလျော်သည်ဟုယူဆပါသည်။

လေ့လာမိသမျှအဆိုပါစကားတန်ဆာ **(Figures of Speech)** အောက်တွင်ထည့်သွင်းထားသော အမည်တို့မှာ **Simile, Metaphor, Personification, Apostrophe, Hyperbole, Antithesis, Epigram, Metonymy, Synecdoche, Climax, Anticlimax, Spoonerism, Euphemism, Oxymoron, Irony, Pun, Transferred, Epithet, Litotes, Interrogation, Exclamation, Hypallege, Alliteration, Onomatopoeia, Tropes, Connotation, Denotation, Pathetic, Fallacy, Hysteron, Hyperbaton, Paradox, Equivoque, Sarcasm, Adage, Aphorism, Allusion, Meiosis** စသည်တို့ဖြစ်ကြပါသည်။

စင်စစ်အားဖြင့် အထက်ပါဝေါဟာရတို့သည် အင်္ဂလိပ်ဘာသာ သက်သက်ကြီးမဟုတ်ဘဲ လက်တင်ဘာသာ၊ ဂရိဘာသာစကားတို့မှ ဆင်းသက်လာသော ဝေါဟာရတို့လည်း အများပင်ဖြစ်သည်။ အထက်ပါဝေါဟာရများမှ မိမိလေ့လာမိသမျှ ဝက်ဝုတ္တိအလင်္ကာအချို့ကို မြန်မာစာပေလာ ဝက်ဝုတ္တိအလင်္ကာအချို့နှင့် နှိုင်းယှဉ်လေ့လာတင်ပြပါမည်။

### (၁) အတိသယဝုတ္တိအလင်္ကာ

**အတိသယဝုတ္တိအလင်္ကာ**ဆိုသည်မှာ အလွန်အကြူးဖွဲ့ဆိုထားခြင်းမျိုးဖြစ်သည်။ အရှင်စန္ဒဝရက 'အလင်္ကာစံအိမ်'တွင် **"လွန်လွန်ကဲကဲ ထူးထူးခြားခြားပြဆိုခြင်း**သည် **အတိသယဝုတ္တိအလင်္ကာမည်၏" (၁၉၉၅၊စာ ၁၇၅) ဟုဖွင့်ဆို**ပါသည်။

အင်္ဂလိပ်စာပေရှိ **'Hyperbole'** သည် **အတိသယဝုတ္တိအလင်္ကာ**နှင့် ဆင်တူပါသည်။ **'Hyperbole'** နှင့်ပတ်သက်၍ ဖွင့်ဆိုရှင်းပြရာတွင် အလေးအနက်ပြုကာ ကဲကဲလွန်လွန် ဖော်ပြထားချက် **Overstatement** (Morner & Rausch,1998,102) ဟုဖွင့်ဆိုထားပါသည်။

သာဓက။ **"If the river were dry, I am able to fill it with tears."**

**“The waves as high as Everest.”**

**ဟူသောအဖွဲ့မျိုးဖြစ်ပါသည်။**

**မြန်မာဘာသာအနေနှင့်မူ‘ထမင်းရည်ချောင်းစီး’၊‘ကျမျက်ရည်ချောင်းဖြစ်’၊‘ပြာတောင်ကြီးပေါက်’ စသည်တို့သည်လည်း အတိသယဝုတ္တိအလင်္ကာဖြစ်ပါသည်။**

**(၂) ဥပမာအလင်္ကာ**

“ဥပမာန၊ ဥပမေယျ**တို့၏ဂုဏ်တူမျှနေသည်၏အဖြစ်သည်၊ဂုဏ်တူမျှအောင်ဖွဲ့ဆိုသီကုံးသော အလင်္ကာသည် ဥပမာအလင်္ကာမည်၏ ”(**စန္ဒဝရ၊အရှင်၊**၁၉၉၅၊စာ၁၇၈)**ဟု ဖွင့်ဆိုထားပါသည်။

အင်္ဂလိပ်စာပေရှိ **‘Simile’ သည်** ဥပမာအလင်္ကာဖြစ်ပါသည်။ **‘Simile’** နှင့်ပတ်သက်၍ ဖွင့်ဆိုရာတွင် **“a comparison is made between two objects of different kinds which have however at least one point in common.”** (Wren & Martin,1986, p 489) ဟုဖွင့်ဆိုထားပါသည်။ **Simile** တွင် ဥပမေယျ **(Subject of Comparison)** နှင့် ဥပမာန **(Object of Comparison)** တို့ကို ဥပမာဇောတက ဟူသည့် **“ like , as , as...as ”**တို့နှင့်ဖွဲ့စပ်ဆင်ယင်ရကြောင်းတွေ့ရှိရပါသည်။

သာဓက။ **“O’ my love’s like a red, red rose ,**

**That’s newly sprung in June.”**

ကဲ့သို့ **(like)** နှင့် သုံးသောအလင်္ကာ။

**“The righteous shall flourish as the palm tree.”**

ကဲ့သို့ **(as)** နှင့်သုံးသောအလင်္ကာ။

**“As proud as a peacock.”**

**“As cool as a cucumber.”**

ကဲ့သို့ **(as…as)** နှင့် သုံးသောအလင်္ကာ တို့ဖြစ်ကြပါသည်။

မြန်မာစာပေတွင် **ဓမ္မောပမာ၊ ဓမ္မဟီနောပမာ၊ အဗ္ဘူတောပမာ၊ နိန္ဒောပမာ** စသည်ဖြင့် ဥပမာအလင်္ကာ (၁၁)မျိုးအထိ ကွဲပြားသော်လည်း အင်္ဂလိပ်ဘာသာတွင်မူ ဤသို့အစိပ်စိပ်ပြထားသည်ကို မတွေ့ရပါ။ ထိုသို့မရှိသော်လည်း

**“He is like a lion.”**

ဟူသောအဖွဲ့ရှိပေရာ**‘ဓမ္မဟီနောပမာ’**နှင့်အတူတူပင်ဖြစ်ပါသည်။

**‘ဓမ္မဟီနောပမာ’** ဟူသည် ဟုတ်မှန်သောသဘောတို့၏ ဂုဏ်ကိုယုတ်ခြင်း (ဝါ) ဂုဏ်ပုဒ် မပါဘဲ ခိုင်းနှိုင်းဖွဲ့ဆိုခြင်းဖြစ်ပါသည်။

မြန်မာဘာသာနှင့်သာဓကပြရလျှင် ရှင်မဟာရဋ္ဌသာရ၏ရွှေစက်တော်သွားတောလား၌

<u>**“ပင်ခြေကျင်းကျင်း၊ပန်းအင်ကြင်းလည်း၊ခက်ချင်းခိုက်ထိ၊စောင်းကြိုးညှိသို့ ”**</u>

ဟူသောအဖွဲ့မှာ **‘ဓမ္မဟီနောပမာ’** မြောက်သောအဖွဲ့ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် တောမြိုင်ခြေအတွင်းရှိ အင်ကြင်းပင်တို့၏ အခက်အလက်များထိခိုက်သံ (ဥပမေယျ)သည် စောင်းကြိုးညှိရန်တီးခတ်သောအသံ(ဥပမာန)ကဲ့သို့ သာယာလှသည်ဟူ၍ ခိုင်းနှိုင်းရေးဖွဲ့ထားသောကြောင့်ဖြစ်သည်။ ထိုသို့ရေးဖွဲ့ရာ၌ ဥပမေယျနှင့် ဥပမာနတို့၌ ‘သာယာလှသော’ဟူသည့် ဂုဏ်ပုဒ်ကို ထည့်သွင်း မဖွဲ့ဆိုဘဲ တူညီပုံကိုသာပမာကပ်၍ပြဆိုသောကြောင့် **‘ဓမ္မဟီနောပမာ’**မည်ပါသည်။

ထို့ပြင် ဥပမာဇောတကနှင့်ပတ်သက်၍လည်း ပါဠိဘာသာ၊ အင်္ဂလိပ်ဘာသာစကား တို့ထက် မြန်မာဘာသာစကားက အရေအတွက်ပိုများပါသည်။ အလင်္ကာစံအိမ်တွင် 'အရှင်စန္ဒဝရ'က **"သို့၊ ကဲ့သို့၊ နှယ်၊ အလား၊ မခြား"**စသော အနှိုင်းပြစကားပေါင်း(၃၄)မျိုး အထိပြထားပါသည်။ ထို့အတူ အလင်္ကာပန်းကုံးတွင် 'အရှင်ကုမာရ'က အနှိုင်းပြစကားပေါင်း (၅၂)မျိုးအထိ ပြထားသည်ကို တွေ့ရှိရပါသည်။

ဥပမာအလင်္ကာနှင့်ပတ်သက်၍ သုဗောဓာလင်္ကာရကျမ်းအဆိုနှင့် အင်္ဂလိပ်ဘာသာအဆိုနှစ်ရပ် တူညီမှုများရှိသည်ဟု ဆိုနိုင်ပါသည်။ ဥပမာဆိုသည်မှာ တူသည်ကိုနှိုင်းပြခြင်းဖြစ်ပါသည်။ ထို့ကြောင့် အနှိုင်းခံနှင့် အနှိုင်းပုဒ်တို့ပါရပါသည်။ နှိုင်းသည်ဆိုသော်လည်း အလုံးစုံတူသည်ကို နှိုင်းခြင်းမဟုတ်။ အလုံးစုံတူသည်ကိုနှိုင်းလျှင် အလင်္ကာမမြောက်ပါ။ သာဓကအားဖြင့် **'ကမ္ဘာလုံး'**ကို **'ဘောလုံး'**နှင့်နှိုင်းခြင်းမျိုးသည် အလင်္ကာမမြောက်ပါ။ တူသည်တို့အနက်မှ တစ်စိတ်တစ်ပိုင်းမျှကိုသာနှိုင်းမှ အလင်္ကာမြောက်ပါသည်။ ဘုရား၏မျက်နှာတော်နှင့် ကြာပွင့်ကိုနှိုင်းရာတွင် ထိုနှစ်ပါးတို့၏ နှစ်သက်ဖွယ်အခြင်းအရာတစ်ခုမျှကိုသာနှိုင်းခြင်း ဖြစ်သည်။**'Rose'** နှင့် **'Princess'**ကို နှိုင်းရာတွင်လည်း အထက်ပါနည်းအတိုင်းပင်ဖြစ်ပါသည်။ ထို့ပြင်နှိုင်းရုံသက်သက်မျှဖြင့်လည်း အလင်္ကာဟုမဆိုနိုင်ပါ။ စိတ်ကိုထိစေမှသာ အလင်္ကာဟုဆိုနိုင်ပါသည်။ ထို့ကြောင့် ဥပမာအလင်္ကာနှင့်ပတ်သက်၍ သုဗောဓာလင်္ကာရကျမ်းအဆိုနှင့် အင်္ဂလိပ်ဘာသာအဆိုနှစ်ရပ်တို့ တူညီမှုများရှိသည်ဟုဆိုရခြင်း ဖြစ်ပါသည်။

**'အဗ္ဘူတောပမာအလင်္ကာ'** ဆိုသည်မှာ သက်ရှိများကဲ့သို့ မရှိသည်ကိုအရှိလုပ်၍ ကြံဆပြောဆိုသော၊ အံ့သြဖွယ်ဖြစ်စေသော အဖွဲ့မျိုးဖြစ်ပါသည်။

အင်္ဂလိပ်စာပေရှိ **'Exclamation'** ၏ မူရင်းအနက်မှာ အာမေဍိတ်ပြုခြင်း ဖြစ်သော်လည်း အံ့သြဖွယ်ဖြစ်စေရန် အလင်္ကာဆင်ထားသော အဖွဲ့ကိုလည်း **'Exclamation'** ဟုသုံးပါသည်။ **'Exclamation'** ကို အဗ္ဘူတောပမာအလင်္ကာဟု ဆိုနိုင်ပါသည်။

သာဓက။ "**How sweet the moonlight sleeps upon this bank!**"

(Wren & Martin,1986, p 493)

အဖွဲ့ကိုကြည့်ပါက အဗ္ဘူတောပမာအလင်္ကာ ဖြစ်ကြောင်း သိနိုင်ပါသည်။

မြန်မာဘာသာနှင့်ထင်ဟပ်ပြရပါလျှင်**ဆရာဇော်ဂျီ**၏ **'ပိတောက်ပန်း'**ကဗျာသည် အဗ္ဘူတောပမာအလင်္ကာမြောက်သည်ဟု ဆိုနိုင်ပါသည်။

**'နိန္ဒောပမာအလင်္ကာ'**ဆိုသည်မှာ ကဲ့ရဲ့ဖွယ်ဖွဲ့ဆိုသော အလင်္ကာဖြစ်သည်။ အင်္ဂလိပ်ဘာသာရှိ **'Pun, Irony** နှင့် **Sarcasm'**တို့သည် သရော်လှောင်ပြောင်ခြင်းသဘောသက်ဝင်ကြသဖြင့် **နိန္ဒောပမာအလင်္ကာ**နှင့် တစ်စိတ်တစ်ပိုင်း တူညီသည်ဟု ယူဆနိုင်ပါသည်။ သို့ရာတွင် အရည်အသွေးချင်းမှာ မတူကြပါ။ **'Pun'** သည် အပေါ့စားသရော်မှု **(the lowest form of wit)**သာဖြစ်ပါသည်။**''the object being to produce a ludicrous effect.'** (Wren & Martin, 1986, p 493) ဟုဖွင့်ဆိုပါသည်။

သာဓက။ **"Is life worth living?"-"It depends upon the liver."**

(Wren & Martin,1986, p 495)

ဟူသောအသုံးတို့ကိုကြည့်ခြင်းဖြင့် အပေါ့စားသရော်မှုဖြစ်ကြောင်း သိနိုင်ပါသည်။

**'Irony'**သည် ထင်ရှားသော အလင်္ကာတစ်ခုဖြစ်သည်ဟု ဆိုနိုင်သကဲ့သို့ ဆိုရိုးစကားလည်း ဖြစ်ပါသည်။ကဲ့ရဲ့နှိမ့်ချသောသဘောလည်းပါဝင်ပါသည်။

သာဓက။ **"If a poor man inherits a large fortune and dies a month later."**

ဤဝါကျတွင် အကြီးအကျယ်ကံကောင်းကြောင်းပြပြီး တစ်လအတွင်းသေဆုံးရပုံကို ပြဆိုထားရာ ကံကောင်းခြင်းကို နှိမ့်ချရာရောက်သွားပါသည်။ ထို့အတူ

**"No doubt! but you are the people and wisdom shall die with you."**

(Wren&Martin, 1986, p 493)

ဤသာဓကၵ္ဓလည်း ပညာရှိခြင်းကို ချီးမွမ်းသယောင်ပြုထားသော်လည်း သင်လည်း လူထဲက လူသားတစ်ဦးဖြစ်သဖြင့် သင်နှင့်သင့်ပညာလည်း အတူသေရမည်ဟုဆိုလိုက်ရာ လှောင်ပြောင် ရှုံ့ချခြင်းသဘောသက်ဝင်သောကြောင့် နိန္ဒောပမာအလင်္ကာနှင့် သက်ဆိုင်သည်ဟုဆိုရပါမည်။

**'Sarcasm'**သည်လည်း လှောင်ပြောင်သောသဘောပါဝင်သဖြင့် အထက်ပါအသုံးနှင့်တူပြီး နိန္ဒောပမာအလင်္ကာဟု ဆိုနိုင်ပါလိမ့်မည်။

သာဓက။ **"He first sank to the bottom-like his work,**

**But soon rose to the surface-like himself,**

**For all corrupted things are buoyed like corks,**

**By their own rottenness."**

ဤစာပိုဒ်တွင် **'Sarcasm'**ပါဝင်သည်ဟုဆိုနိုင်ပါသည်။ ရေမျက်နှာပြင်ထက်သို့ ပြန်ပေါ်လာသည်ဟုဆိုသဖြင့် ချီးမွမ်းသည်ဟုထင်ရရိုက် ကိုယ်တိုင်ပုပ်ဆွေးမှုကြောင့် ပေါ်လာသည့် ရေညှိ ရေမြှုပ်နှင့် နှိုင်းလိုက်သဖြင့် ရှုံ့ချခြင်းဖြစ်သွားပါသည်။

**'အဘူတောပမာအလင်္ကာ'သည်** ထင်ရှားမရှိသော၊ မဖြစ်နိုင်သောအရာကို ခိုင်းနှိုင်းပြောဆိုသော **အလင်္ကာ**ဖြစ်ပါသည်။ စင်စစ်အားဖြင့် အလွန်အမင်းဖွဲ့ဆိုခြင်းမျိုးဖြစ်သည်။ အချို့သည်လွန်ကဲသဖြင့် တကယ်မဖြစ်နိုင်၊ တကယ်မရှိနိုင်သော အခြင်းအရာမျိုး ဖြစ်နိုင်ပါသည်။ မြတ်စွာဘုရားကား အတုမရှိသောပုဂ္ဂိုလ်ဖြစ်သည်ဟု ယုံကြည်ကြသည့်အလျောက် မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးတော်တို့ကို ဖွဲ့ဆိုရာ၌မူ လွန်ကဲသည်ဟုမဆိုကောင်းသော်လည်း လောကလူတို့မှာမူ မဖြစ်စကောင်း၊ မရှိစကောင်းသော အခြင်းအရာမျိုးရှိတတ်ကြသည်။ ဤသို့မဖြစ်စကောင်းအောင် ဖွဲ့ဆိုသောအဖွဲ့မျိုးကို အဘူတောပမာ (ထင်ရှားမဲ့နှိုင်း)ဟုဆိုပါသည်။ မြန်မာစကားရှိ **"ယုန်ချိုလိပ်မွေး၊ပုဇွန်သွေး"**ဟူသော စကားတို့သည် ထိုအလင်္ကာမျိုးဖြစ်ပါသည်။ ထို့ကြောင့် အဘူတောပမာအလင်္ကာသည်လည်း အတိသယဝုတ္တိအလင်္ကာနှင့် သဘောချင်းဆင်ပါသည်။

အင်္ဂလိပ်ဘာသာတွင်လည်း အမည်ကွဲလျက် သဘောချင်းဆင်သော အလင်္ကာနှစ်ခုမှာ **'Hyperbole'**နှင့် **'Exaggeration'**တို့ဖြစ်ကြပါသည်။**'Exaggeration'**၏အဓိပ္ပာယ်ကို **"Overstatement, Stretching of the truth."** (Morner & Rausch, 1998, p 72) ဟုဖွင့်ဆိုထားရာ အဘူတောပမာ အလင်္ကာနှင့် တူသည် ဟုဆိုနိုင်ပါသည်။

သာဓက။ **"The discussion lasted for an eternity."**

ဟူသောအဖွဲ့မျိုးဖြစ်ပါသည်။ ဆွေးနွေးပွဲကြာလွန်းခြင်းကို ပြောခြင်းဖြစ်ပါသည်။ထို့ကြောင့် ဤဝါကျသည် အဘူတောပမာအလင်္ကာမြောက်သည်ဟုဆိုနိုင်ပါသည်။ထို့အဖွဲ့သည် သဘာဝ၏သဘောကို အလွန်အကြူး အထူးအံ့သြဖွယ် ဖွဲ့ဆိုထားခြင်းမျိုး ဖြစ်သည်။

**'မဟန္တတ္တအလင်္ကာ'**သည်လည်း အထက်ပါအလင်္ကာတို့နှင့် တစ်စိတ်တစ်ပိုင်းတူပါသည်။ သာဓကပြရလျှင် **ဦးပုည**၏ **ရေသည်ပြဇာတ်**တွင် ရေသည်ယောကျ်ား၏ မြောက်မြို့ရိုးကြားရှိ ငွေလေးရွေးကို တပ်မက်လွန်းအားကြီးပုံကို ဖွဲ့ထားသောအဖွဲ့မျိုးသည် မဟန္တတ္တအလင်္ကာမြောက်ပါသည်။

## (၃) ရူပကအလင်္ကာ

**ရူပကအလင်္ကာ**သည် ဂုဏ်ရည်တူနှစ်ခုကို ထပ်တူပြု၍ ယှဉ်တွဲသုံးသော အလင်္ကာဖြစ်သည်။ ထို့ကြောင့် ရူပကအလင်္ကာဟူသည် ဥပမေယျဖြစ်သော အနိူင်းခံနှင့် ဥပမာနဖြစ်သော အနိူင်းတို့၌ တူသောဂုဏ် တစ်ခုခုရှိပြီး ထိုတူသောဂုဏ်ကို ထပ်တူပြုပြောဆိုသောအလင်္ကာဖြစ်သည်။

အင်္ဂလိပ်စာပေတွင် **Metaphor**ကို ရူပကအလင်္ကာဟု ဆိုကြပါသည်။ ဤသို့ပြန်ဆိုသည်မှာ အဆီလျော်ဆုံးဖြစ်သည်ဟုဆိုနိုင်ပါသည်။မြန်မာဘာသာ၌ **'မျက်နှာငွေလ'၊ 'ပညာဆီမီး'၊ 'မေတ္တာစမ်းရေ'** စသည်တို့သည် ရူပကအလင်္ကာများဖြစ်ကြပါသည်။ အင်္ဂလိပ်စာပေတွင်လည်း

**"Heart of stone"**

**"The camel is the ship of the desert"**

**"Life is a dream.** **(Wren & Martin, 1986, p 490)**

တို့ကို **Metaphor** ၏နမူနာများအဖြစ်ပြကြရာ မြန်မာဘာသာနှင့် တူသည်ဟု ဆိုနိုင်ပါသည်။ သို့ရာတွင် ရူပကနှင့် **Metaphor** တို့သည်အလုံးစုံ တူညီသည်ကား မဟုတ်ပါ။ ရူပကအလင်္ကာကို မြန်မာအလင်္ကာကျမ်း၌ (၆)မျိုးခွဲခြား၍ ပြဆိုပါသည်။ အလုံးစုံထပ်တူပြုခြင်းနှင့် တစ်စိတ်ထပ်တူပြုခြင်း ဟူ၍လည်းကောင်း၊ သမာသ်ပါခြင်း၊ မပါခြင်းဖြင့်လည်းကောင်း စိတ်ဖြာပြပါသည်။

မိမိလေ့လာမိသမျှ အင်္ဂလိပ်ဘာသာတွင်မူ ဤသို့ခွဲမပြဘဲ **'Metaphor'** သက်ရောက်သည့် အဖွဲ့များကို အခြားအမည်များဖြင့် သီးခြားသတ်မှတ်ထားပါသည်။

**'Synecdoche'**ကို **(a kind of metaphor)** ရူပကမျိုးခွဲအဖြစ်သတ်မှတ်နိုင်ပါသည်။ **'Synecdoche'** နှင့်ပတ်သက်၍ **"a part is used to designate the whole, the whole to designate a part." (Wren & Martin, 1986, p 494)** ဟုဖွင့်ဆိုပြပါသည်။ ယေဘုယျကို ဝိသေသအဖြစ်၊ ဝိသေသကို ယေဘုယျအဖြစ် သုံးပြခြင်းမျိုးကိုလည်း ဤအလင်္ကာမျိုးအဖြစ် သတ်မှတ်နိုင်ပါသည်။

သာဓက။ **"Give us this day our daily *bread*."(i.e., food)**

**"He has many *mouths* to feed."**

(Wren & Martin, 1986, p 494)

အသုံးတို့ဖြစ်ကြသည်။ ဤအသုံးအနှုန်းတို့သည် မြန်မာတို့သိထားသော မြန်မာအလင်္ကာကျမ်းလာ ရူပကအလင်္ကာနှင့် အတော်ကွဲပြားနေပါသည်။

ထို့ပြင် အင်္ဂလိပ်စာပေ၌ **'Allegory'**ဟူသော စာပေဝေါဟာရတစ်ခုရှိရာ မြန်မာလို ရူပကပြုအဖွဲ့ဟု ပြန်ဆိုကြပါသည်။ ရူပကအလင်္ကာနှင့် သဘောချင်းနီးစပ်သော်လည်း သီးခြားလက္ခဏာလည်းရှိပါသည်။ **ရူပကလင်္ကာ**ကား **အနိူင်းခံ**နှင့်**အနိူင်း**ပါပြီး ထိုနှစ်ခုတို့၏ဂုဏ်ရည်သည် တစ်ထပ်တည်း ဖြစ်နေရပါသည်။

**'Allegory'**ကမူ အနိူင်းခံပင်ရှိသော်လည်း ထိုအနိူင်းခံကို ဖော်ပြမထားပါ။ ထို့ကြောင့် တွေးဆယူရပါသည်။ အနိူင်းခံနှင့်အနိူင်းတို့သည် အစုံလိုက် အစဉ်လိုက် ရည်ညွှန်းထားသောကြောင့် တစ်စပေါ်လျှင် အားလုံးနားလည်လာနိုင်စေပါသည်။

မြန်မာစာပေနှင့်ထင်ဟပ်ပြရပါမူ"စပယ်တဲ့လေးရုံ၊ မလေးငယ်မပန်ခိုက်၊ ပန်းပြတ်ခိုက်ကြုံ" အစချီသော လေးဆစ်ကဗျာနှင့် ထင်ဟပ်ပြရပါမည်။ ဤကဗျာ၌ အနိူင်းခံကွယ်ဝှက်အနက်

(ဂယက်အနက်)သည် ဤကဗျာ၌ ပွင့်တော်မူသည့်ဘုရားငါးဆူကို ရည်ညွှန်းခြင်းဖြစ်သည်ဟု ယူဆကြပါသည်။

**စပယ်တဲ့လေးရုံ – ပွင့်ပြီးသောဘုရားလေးဆူ**

**မလေးငယ် – သတ္တဝါများ**

**ပန်းပြတ်ခိုက် – ဘုရားရှင်မဲ့နေသောကာလ**

**အပွင့်ကုန် – ပွင့်တော်မူသောဘုရားလေးဆူနိဗ္ဗာန်စံဝင်**

**တစ်ငုံကျန် – အရိမေတ္တေယျဘုရားလောင်းကျန်**

**ပန်ချင်သူ – နိဗ္ဗာန်ရောက်လိုသူ(အရဟတ္တဖိုလ်ရလိုသူ)**

**ခေါင်းဖီးခဲ့ – ဒါန၊သီလ၊ဘာဝနာမှုပြုထား**

ဤသို့အစုံလိုက်၊အစဉ်လိုက်ရည်ညွှန်းထားသဖြင့်ရူပကပြုအဖွဲ့ဟုဆိုရပေမည့် **'Allegory'** သည်များသောအားဖြင့် ဇာတ်လမ်းနှင့်ပို၍ ဆိုင်သည်ဟုဆိုနိုင်ပါသည်။ မြန်မာစာပေတွင် ဆရာကြီး'ဇေယျ'၏ 'ခရီးသည်'ဝတ္ထုတိုသည် အဆိုပါရူပကပြုဇာတ်လမ်းမျိုးတွင်ပါဝင်သည်ဟုဆိုနိုင်ပါသည်။

## (၄) ဗျာဇဝဏ္ဏနာအလင်္ကာ

**'ဗျာဇဝဏ္ဏနာအလင်္ကာ'**ဆိုသည်မှာ နှိမ့်ချကဲ့ရဲ့ယောင်ပြုလျက် ချီးမွမ်းခြင်းအနက် သက်ရောက်စေသော အဖွဲ့မျိုးဖြစ်သည်။ ထို့ပြင် ချီးမွမ်းယောင်ပြု၍ကဲ့ရဲ့ခြင်းသည်လည်း ဤအလင်္ကာတွင် အကျုံးဝင်ပါသည်။ ဆရာ**မင်းသုဝဏ်**၏ **'ပျဉ်းမငုတ်တို'**ကဗျာသည် ဤအလင်္ကာမြောက်ပါသည်။

အင်္ဂလိပ်ဘာသာရှိ **'Litotes'** ၏သဘောမှာလည်း နှိမ့်ချ၍ဆိုပါလျက် မြင့်တင်သောသဘောပါဝင်သည့်အဖွဲ့မျိုးဖြစ်ပါသည် **'Litotes'** ကို **"opposite of Hyperbole"** (Wren & Martin,1986, p 494) ဟု ပြန်ဆိုပါသည်။

သာဓက။ **"The man is no fool."(=very clever)** (Wren & Martin, 1986, p 495)

ဤဝါကျ၏အဓိပ္ပာယ်မှာ ရူးသွပ်သူမဟုတ်သည်ကိုသာမက သူသည်ပါးနပ်သူတစ်ဦးဖြစ်ကြောင်းကိုပါ ဆိုလိုခြင်းဖြစ်ပါသည်။

**"I am not a little (= greatly) surprised."** (Wren & Martin, 1986, p 495)

ဤဝါကျတွင်လည်း စဉ်းငယ်အံ့အားသင့်သည်ကိုသာ ဆိုလိုသည်မဟုတ်၊ အလွန်အမင်းအံ့အားသင့်သည်ကို ပြဆိုလိုခြင်းဖြစ်သည်။

အထက်ဖော်ပြပါသာဓကနှစ်ရပ်တို့သည် ဦးစွာတားမြစ်ခြင်းကို ဖော်ပြပြီး၊ အထူးဖြစ်ခြင်းကို သက်ရောက်စေသည်ဖြစ်သဖြင့် အက္ခေပအလင်္ကာနှင့်လည်း သက်ဆိုင်သည်ဟုဆိုနိုင်ပါသည်။

## (၅) သိလေသအလင်္ကာ

**'သိလေသအလင်္ကာ'**ဆိုသည်မှာ စကားတစ်ခုမှ အနက်နှစ်ခုဖက်စပ်နေသော အဖွဲ့မျိုးဖြစ်ပါသည်။ **'Equivoque'** ဟူသောဝေါဟာရသည်လည်း အနက်နှစ်ခု(အဓိပ္ပာယ်နှစ်မျိုး) ထွက်စေသောအသုံးမျိုးဖြစ်သဖြင့် သိလေသအလင်္ကာမျိုးဖြစ်သည်ဟု ဆိုနိုင်ပါသည်။

အင်္ဂလိပ်ဘာသာရှိ **'Equivoque'ကို a words is used so that it means two different things at the same time.ဟုဖွင့်ဆိုပါသည်။**

သာဓက။ **“Nothing is too good for this man.”**

ထိုစကားသည်အနက်နှစ်မျိုးရနိုင်ပါသည်။သဒ္ဒါတူလျက်အနက်ကွဲသောကြောင့် **‘သန္တနောပမာအလင်္ကာ’** နှင့်လည်းသက်ဆိုင်ပါသည်။

မြန်မာဘာသာနှင့် ထင်ဟပ်ပြရပါမူ**ဦးပုည**၏**‘ညစ်မည့်သူ’**ဆန့်ကျင်ဘက်ဖွဲ့တေးထပ်တွင်

“သူစိမ်းကမြအလယ်မှာ၊ထည်ခြုံထည်စိမ်းငယ်နှင့်၊ဖန်စိမ်းမှန်ကိုလိမ်းငဲ့ဒုတ္တာ”

ဟု ဖွဲ့ဆိုထားရာ**‘သူစိမ်းကမြအလယ်’**၌ပါသော **‘စိမ်း’**မှာ **‘မခေါ်ခြင်း၊ မပြောခြင်း၊ စိမ်းကားခြင်း’** ဖြစ်ပါသည်။ **‘ထည်စိမ်း၊ ဖန်စိမ်း’** ၌ပါသော **‘စိမ်း’**မှာမူ **‘အစိမ်းရောင်’** အနက်ဖြစ်သည်။ ဤသို့ကွဲပြားသောကြောင့် သိလေသအလင်္ကာဖြစ်သည်ဟု ဆိုနိုင်ပါသည်။

## (၆) ကောဝဠိအလင်္ကာ

**‘ကောဝဠိအလင်္ကာ’**ဟူသည် ဂုဏ်နိမ့်မြင့်၊ငယ်ကြီးစသည်တို့ကို အစဉ်လိုက်ပြဆိုဖွဲ့စပ်သည့် အလင်္ကာ ဖြစ်ပါသည်။ အချက်အလက်ဆိုလျှင်လည်း သူ့အစဉ်အလိုက်ထားရပါသည်။ ပဋိစ္စသမုပ္ပါဒ်တရား ဆိုပါက အဝိဇ္ဇာ၊သင်္ခါရ၊ ဝိညာဏစသည်အားဖြင့်တရားစဉ်အတိုင်းစီစဉ်ခြင်းမျိုးဖြစ်ပါသည်။

အင်္ဂလိပ်ဘာသာရှိ **‘Climax’** သည်လည်း **ကောဝဠိအလင်္ကာ**ကဲ့သို့ ဂုဏ်ရည်နိမ့်မြင့်(သို့) မြင့်နိမ့်အလိုက်စီစဉ်ထားသောအဖွဲ့ဖြစ်ပါသည်။

သာဓက။ **“simple, erect , severe , austere , sublime”**

ဟူသောအသုံးမျိုးဖြစ်ပါသည်။

## (၇) ဝိရောဓိတာအလင်္ကာ

**‘ဝိရောဓိတာအလင်္ကာ’**သည် တစ်ခုသောဝတ္ထု၏ လွန်ကဲသော ဂုဏ်ကိုပြရခြင်းအကျိုးငှာ အဖြူ၊ အမည်း၊ အပူ၊ အအေး စသောဆန့်ကျင်သည့် ပုဒ်နက်ဝတ္ထုတို့ကို ရောနှော၍ပြခြင်း ဖြစ်သည်။ ထို့ကြောင့် **“Oxymoron”** နှင့် **‘Paradox’**တို့သည် ဝိရောဓိတာအလင်္ကာသဘော ပါဝင်သည်ဟု ယူဆဖွယ်ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ယင်းတို့သည် ဆန့်ကျင်ဘက်စကား(ဝါ) ဆန့်ကျင်ဘက်အသုံးနှစ်ခုတို့ကို တွဲစပ်ကာ တိုတိုရှင်းရှင်းနှင့် အလင်္ကာသဘောသက်ဝင်စေသော အသုံးမျိုးဖြစ်သည်ဟု ဖွင့်ဆိုပြသောကြောင့် ဖြစ်ပါသည်။ ထိုသဘောကို **“Cloquent silence” (အာဝဇ္ဇန်းကောင်းသောနှုတ်ပိတ်ခြင်း)** သာဓကဖြင့်သိနိုင်ပါသည်။

**“His honour rooted in dishonour stood,**

**And faith unfaithful kept him falsely true.”**

(Wren & Martin, 1986, p 492)

အထက်ပါသာဓကသည် ဆန့်ကျင်ဘက်သဘောကို ရောနှောကာ တန်ဆာဆင်ထားသောကြောင့် **‘ဝိရောဓိတာ’အလင်္ကာ’**ဟုဆိုနိုင်ပါသည်။ မြန်မာစာပေနှင့် ထင်ဟပ်ပြရပါမူ စာဆို**ဦးပုည**၏ **‘ရေသည်**

**ပြဇာတ်’**မှ

**“ဆံထုံးတော်ကြီး၊တမာသီးနှင့်…လူမြင်သမျှစိတ်ပျက်အောင်လုပါတဲ့မရေသည်”**

ဟူသောအဖွဲ့နှင့်သဘောချင်းတူပါသည်။

**'Paradox'** သည်လည်းဤသဘောမျိုးဖြစ်ကြောင်းကို **"More haste , less speed ဟူ**သော အသုံးဖြင့် သိနိုင်ပါသည်။

**"The Child is father of the man."**

**တွင်လည်း ဆန့်ကျင်ဘက်သဘောဆောင်ထားစေကာမူ အမှန်တရားလည်း သက်ဝင်နေပါသည်။**

ဆက်လက်၍ **'Spoonerism'** နှင့် **'Metonymy'**ဟူသော ဝေါဟာရများအကြောင်းကိုလည်း တင်ပြပါမည်။ **'Spoonerism'**ဟူသော ဝေါဟာရကား မြန်မာစကား **'စကားလိမ်'**နှင့် တူပါသည်။ သို့ရာတွင် ဟာသ၊သဘောသက်ဝင်သည်ဟုဆိုနိုင်ပါသည်။

သာဓက။ **"He wasted two terms."**

ဟုဆိုလိုသည်ကို **"He tasted two worms.**

ဟုဆိုလိုက်ရာ "တီကောင်နှစ်ကောင်ကိုအရသာခံ၍စားသည်"ဟုအဓိပ္ပာယ်ရောက်သွားသဖြင့် ဟာသ

သဘောသက်ဝင်လာပါသည်။

**'Metonymy'** ဟူသော ဝေါဟာရသည်ကား **Figures of Speech** အောက်တွင် ထည့်သွင်း ထားသော်လည်း သင်္ကေတသဘော ပိုကဲနေကြောင်း ပြဆိုထားသော သာဓကများအရ သိနိုင်ပါသည်။

သာဓက။ **"The laurel, for success."**

**"The Crown, for the King."** (Wren & Martin, 1986,p 493)

ဟူသည်တို့ဖြစ်ရာသင်္ကေတဟုပင်ဆိုရပါမည်။

မြန်မာဘာသာတွင် **'ထီးဖြူ'** သည် **'မင်း၊ဘုရင်'**

**'ကျွဲခေါင်း'** သည် **'လမိုင်းသား'**

တို့ကို ကိုယ်စားပြုသကဲ့သို့ဖြစ်ပါသည်။

ထို့ပြင် **'Connotation'** ကိုလည်း သင်္ကေတဟုပင်ဆိုအပ်ပါသည်။ အဘယ်ကြောင့်ဆိုသော် **'gold'** သည် **'colour, richness, power, happiness'**တို့ကိုကိုယ်စားပြုနေသောကြောင့်ဖြစ်ပါသည်။

အင်္ဂလိပ်ဘာသာ**တွင် ကျန်ရှိသော 'Personification', 'Prosopopoei', 'Apostrophe', 'Euphemism'** စသည်တို့သည် သဒ္ဒါလင်္ကာရ(ဂုဏ်)အပိုင်းတွင် ပို၍အကျုံးဝင်သဖြင့် ချန်လှပ်ထား ခဲ့ခြင်းဖြစ်ပါသည်။

**သုံးသပ်ချက်**

မြန်မာဘာသာတွင် အလင်္ကာများရှိသကဲ့သို့ အင်္ဂလိပ်ဘာသာတွင်လည်း အလင်္ကာများ၊ အများအပြား ပင်ရှိပါသည်။ အချို့ကားမြန်မာအလင်္ကာနှင့် သဘောချင်းတူညီလျက် အချို့ကား ကွဲလွဲသယောင် ထင်ရပါသည်။ စင်စစ်အားဖြင့် အလင်္ကာတို့၏ အမည်များသည် အဓိပ္ပာယ်ကိုလိုက်၍ လည်းကောင်း၊ သုံးနှုန်းပုံကိုလိုက်၍လည်းကောင်း ကွဲလွဲနေကြသည်လည်း ရှိကြောင်းတွေ့ရပါသည်။ လေ့လာသူ၏ ရှုမြင်သုံးသပ်မှုကိုလိုက်၍လည်း အဖွဲ့တစ်ခု၏ အလင်္ကာအမည်ကို ကွဲလွဲသတ်မှတ်နိုင် ပါလိမ့်မည်။မည်သို့ပင်ဖြစ်စေ ဘာသာစကားတစ်ခု၏ အတ္ထာလင်္ကာရဆိုင်ရာ ဝက်ဝုတ္တိအလင်္ကာများ ကို လေ့လာခြင်းဖြင့် အခြားဘာသာတစ်ခု၏ အလင်္ကာလေ့လာမှုအတွက်လည်း အကျိုးပြုလိမ့်မည် ဟုမျှော်လင့်ပါသည်။

## နိဂုံး

**'မြန်မာစာပေနှင့်အင်္ဂလိပ်စာပေမှ ဝက်ဝုတ္တိအလင်္ကာအချို့ကိုလေ့လာခြင်း'** စာတမ်းသည် ဝက်ဝုတ္တိ အလင်္ကာ နှင့် ဆက်နွယ်လျက်ရှိသော အင်္ဂလိပ်ဘာသာမှ အလင်္ကာအသုံးများကို လက်လှမ်းမီသမျှ လေ့လာတင်ပြခဲ့ခြင်း ဖြစ်ပါသည်။ ဤသို့တင်ပြရာတွင် အင်္ဂလိပ်ဘာသာ၌ ရှိသမျှသော အသုံးအတိုင်းကို ဖော်ထုတ်ပြခြင်းမဟုတ်ဘဲ အင်္ဂလိပ်ဘာသာတွင်လည်း အလင်္ကာသဘောများ ပါရှိနေသည်ဖြစ်ကြောင်းကို သိသာရုံဖော်ထုတ်တင်ပြခြင်းသာဖြစ်ပါသည်။ ဤသို့လေ့လာတင်ပြခြင်းသည် ဘာသာစကားချင်း တစ်စိတ်တစ်ပိုင်း နှိုင်းယှဉ်ကြည့်ရာလည်း ရောက်သောကြောင့် အကျိုးရှိလိမ့်မည်ဟု ယူဆပါသည်။ နောင်သုတေသနပြုလိုသူများလည်း သဒ္ဒါလင်္ကာရ(ဂုဏ်) အပိုင်းကို ဆက်လက်လေ့လာနိုင်ပါသည်။

## ကျေးဇူးတင်လွှာ

ဤစာတမ်းဖြစ်မြောက်ရေးအတွက် စာတမ်းခေါင်းစဉ်ကိုခွင့်ပြုပေးပါသော ဒေါက်တာထွန်းအောင်ကျော် (ပါမောက္ခဌာနမှူး၊ မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်)နှင့် ဤစာတမ်းအတွက် လိုအပ်သည့် အကူအညီများ ပေးခဲ့ပါသော ဆရာကြီးဦးအောင်သောင်း (ပါမောက္ခ (ငြိမ်း) မြန်မာစာဌာန၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်)၊သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာအားလုံးနှင့် ကျေးဇူးတင်ထိုက်သူ အားလုံးကို ကျေးဇူးတင်ရှိပါသည်။

## ကျမ်းကိုးစာရင်း

ကုမာရ၊ အရှင်။ (၁၉၉၅)။ ***အလင်္ကာပန်းကုံး***။ ၆–ကြိမ်၊ ရန်ကုန်၊ တင်တင်အေးပိဋကတ်စာအုပ်ဆိုင်။

ကျော်ရင်၊ ပုပ္ပား၊ ဦး။ (မ–၁၂၉၈)။ ***ကဝိဘာရတီကျမ်း(ဒု–တွဲ)***။ မန္တလေး၊ ပိဋကတ်တော်ပြန့်ပွားရေးပုံနှိပ်တိုက်။

ကျော်ဝင်း၊ ဦး။ (၁၉၆၈)။ ***ကဗျာအလင်္ကာဗျူဟာ***။ မန္တလေး၊ ရွှေဟသ်ာပုံနှိပ်တိုက်။

စန္ဒဝရ၊ အရှင်။ (၁၉၉၅)။ ***အလင်္ကာစံအိမ်***။ ရန်ကုန်၊ အသိုင်းအဝိုင်းစာပေ။

မြန်မာစာအဖွဲ့။ (၁၉၉၁)။ ***မြန်မာအဘိဓာန်***။ ရန်ကုန်၊ မြန်မာစာအဖွဲ့ဦးစီးဌာန။

မြန်မာစာအဖွဲ့။ (၁၉၉၃)။ ***မြန်မာအင်္ဂလိပ်အဘိဓာန်*** (ဒုတိယအကြိမ်)။ ရန်ကုန်၊ မြန်မာစာအဖွဲ့ဦးစီးဌာန။

ဟုတ်စိန်၊ ဦး။ (၁၉၅၄)။ ***ပါဠိ–မြန်မာအဘိဓာန်***။ ရန်ကုန်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရစာပုံနှိပ်ရေးနှင့်စာရေးကိရိယာဌာန။

Morner,Kathleen & Rausch,Ralph.(1998). ***NTC's Dictionary of Literary terms.***USA.NTC Publishing Group.

Wren & Martin.(1996).***High School English Grammer And Composition ,107th Edition,*** Wegelhi.